# စမ်းကြည့်လိုက်ရောပေါ့

အင်္ဂလိပ်စာရေးဆရာကြီး 'ဘားနတ်ရှော' ( Bernard shaw- 1856-1950 ) ထံသို့ ရင်းနှင့်သိကျွမ်းခြင်းမရှိသည့် အမျိုးသမီးတစ်ဦး ဆွစ်ဇာလန်မှနေ၍ စာတစ်စောင်ရေးလိုက်သည်။ စာထဲတွင် "ရှင့်ဆီမှာ အကောင်းဆုံးဦးနှောက်၊ ကျွန်မဆီမှာ အကောင်းဆုံး ကိုယ်လုံးကိုယ်ဖုံးပေါက်၊ ဒီနှစ်ယောက်ကို ပေါင်းလိုက်ရင် ကမ္ဘာပေါ်မှာ အကောင်းဆုံး ကလေးတစ်ယောက် မွေးလာမှာသေချာတယ်" ဟု ဖော်ပြထားသည်။

အမျိုးသမီးထံကို ဘားနတ်ရှော အောက်ပါအတိုင်း ပြန်ကြားလိုက်သည်။

"အဲဒီသနားစရာ ကလေးငယ်ဟာ ကျွန်တော့်ကိုယ်လုံးကိုယ်ပေါက်နဲ့ ခင်ဗျားရဲ့ဦးနှောက်ကို အမွေဆက်ခံလိုက်ရင် ဘယ့်နှယ်လုပ်မလဲဟင်"

ဟူ၍ပြန်သည်။